ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆန္နန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

Monthly
# INFLATION REPORT
Nov, 2019

အကြောင်းအရာ။ **၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကို အစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စု အတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၇၂.၆၁** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၄၁.၉၁** ရှိပါသည်။ **၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ**၏ **အုပ်စုအားလုံး အတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၅၉.၈၅** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၅၉.၁၂** နှင့် နှိုင်းယှဉ်ပါက **၀.၄၆%** မြင့်တက်လာပါသည်။ **Core Inflation** တွက်ချက်ရန် ဈေးနှုန်းတည်ငြိမ်မှု မရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၏ စားသုံးသူဈေးဆနှုန်း (Core CPI) မှာ ၁၃၉.၁၂** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၃၈.၂၆** နှင့် နှိုင်းယှဉ်ပါက **၀.၆၂%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၅၉.၈၅** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၄၅.၉၇** နှင့် နှိုင်းယှဉ်ပါက **၉.၅၁%** မြင့်တက်လာပါသည်။ **၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၏ Core CPI မှာ ၁၃၉.၁၂ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၂၂.၄၈** နှင့် နှိုင်းယှဉ်ပါက **၁၃.၅၈%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် အစားအစာအုပ်စု (Food)** ၏ ဈေးဆနှုန်းမှာ **၁၇၂.၆၁** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **အနည်းငယ်မြင့်တက်လာပါသည်။** ဆန်(ငစိန်၊ ဧည့်မထ၊ ငကျွဲ)၊ ဂျုံမှုန့်ဈေးနှုန်းများ၊ ကြက်သား၊ ဝက်သားဈေးနှုန်းများ၊ ငါးအစို၊ ပုစွန်ထုပ်နှင့် ပုစွန်ကျော့ ဈေးနှုန်းများ၊ ကြက်ဥ၊ ဘဲဥဈေးနှုန်းများ၊ သစ်သီးဝလံဈေးနှုန်းများ၊ ဟင်းသီးဟင်းရွက်ဈေးနှုန်း များနှင့် အချို့ပဲဈေးနှုန်းများ အနည်းငယ်ကျဆင်းလာပြီး စားသုံးဆီဈေးနှုန်းများနှင့် မီးဖိုချောင်သုံး ပစ္စည်းဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၄၁.၉၁** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၁.၁၈%** မြင့်တက်လာပါသည်။ ယင်းအုပ်စုအတွင်းရှိ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများ ပြန်လည်မြင့်တက်လာပြီး အခြားအသုံး အဆောင်ပစ္စည်းများဖြစ်ကြသော အမျိုးသမီး/အမျိုးသားဝတ်လုံချည်များ၊ ရှပ်အင်္ကျီ၊ စပို့ရှပ်၊

တီရှပ်၊ အမျိုးသမီးဝတ်အင်္ကျီ၊ ဖိနပ်(သားရေစိမ်း)၊ ရော်ဘာဖိနပ်နှင့် အိမ်အသုံးအဆောင်စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာပါသည်။ အလားတူ ရွှေဈေးနှုန်းမှာလည်း ယခင်လကထက် ဆက်လက်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

၅။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လကထက် မြင့်တက်နေပြီး ပြည်ပမှ တင်သွင်းသည့် ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများမှာလည်း မြင့်တက်နေသောကြောင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများလည်း ပြန်လည် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။


၆။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်ဈေးနှုန်းများ၊ ငါးအစိုဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်အချို့ဈေးနှုန်းများ အနည်းငယ်ကျဆင်းလာသော်လည်း အဝတ်အထည်ဈေးနှုန်းများနှင့် အိမ်အသုံးအဆောင်စသည့် အခြားကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် အနည်းငယ်ဆက်လက် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၈.၆၁%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက် ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)** မှာ ၈.၃၀% ရှိပါသည်။ **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation)** မှာ ၉.၅၁% ဖြစ်ပြီး **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)** မှာ ၁၃.၅၈% ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဆန်းမြင့်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ နှင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ နှင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္ဒန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၉ ခုနှစ်၊ ဩဂုတ်လ နှင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ စားသုံးသူဈေးဆန္နှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆန္နှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွက် စားသုံးသူဈေးဆန္နှုန်းမှာ ၁၅၉.၈၅ ဖြစ်ရာ ယခင်လ အခြေအနေ ၁၅၉.၁၂ နှင့် နှိုင်းယှဉ်ပါက ၀.၄၆% မြင့်တက်လာပါသည်။ ထိုအုပ်စုများ အနက် အစားအစာအုပ်စု ဈေးနှုန်းမှာ သိသာစွာပြောင်းလဲခြင်းမရှိသော်လည်း ဆေးလိပ်နှင့် အဖျော် ယမကာအုပ်စုနှင့် ဆက်သွယ်ရေးအုပ်စုတို့မှာ အနည်းငယ် ကျဆင်းလာပါသည်။ သို့သော် ကျန်အုပ်စု၏ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လျက်ရှိပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆန္နှုန်းများကို ဇယား (၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြ အပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆန္နှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၇၂.၆၁ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက သိသာစွာပြောင်းလဲခြင်းမရှိပါ။ ယခုလတွင် ဆန် (ဧည့်မထ) ဈေးနှုန်းမှာ ၀.၀၉%၊ ကြက်သား ၃.၅၄%၊ ဝက်သား ၀.၁၆%၊ ဘဲဥ ၀.၂၉%၊ ကြက်ဥ ၂.၅၄%၊ ငါးခူ ၂.၈၂% နှင့် ငါးရံ့ ၂.၀၈% ကျဆင်းလာပါသည်။ သို့ရာတွင် မြေပဲဆီ ၂.၃၁%၊ နှမ်းဆီ ၀.၅၁%၊ စားအုန်းဆီ ၀.၁၂%၊ အမဲသား ၀.၄၃%၊ ပုစွန်ခြောက် ၁.၃၆% နှင့် ငါးရံ့ခြောက် ၀.၇၅% ဖြင့် ဈေးနှုန်းများ အသီးသီးမြင့် တက်လာကြောင်းတွေ့ရှိရပါသည်။ မီးဖိုချောင်သုံး ပစ္စည်းများတွင် အာလူး ၀.၂၂% ဖြင့် အနည်းငယ် ကျဆင်းလာသော်လည်း ကြက်သွန်ဖြူ ၁.၇၈%၊ ကြက်သွန်နီ ၂.၂၃% နှင့် ခရမ်းချဉ်သီး ၃.၇၄% ဖြင့် ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာ ပါသည်။ သစ်သီးများဖြစ်ကြသော ငှက်ပျောသီး၊ သဘော်သီး၊ ပန်းသီးဈေးနှုန်း များနှင့် ဘူးသီး၊ ဂေါ်ဖီထုပ်၊ ချဉ်ပေါင်ရွက်၊ သခွား သီးစသည့် ဟင်းသီးဟင်းရွက်

ဈေးနှုန်းများမှာ အနည်းငယ် ကျဆင်းလျက်ရှိပါသည်။ ထို့အပြင် ပဲဈေးနှုန်းများ တွင် ပဲကြီး၊ စားတော်ပဲနှင့် ထောပတ်ပဲ ဈေးနှုန်းများမှာလည်း ကျဆင်းလာ ပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၅၀.၉၈ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၃၉% ကျဆင်းလာပါသည်။ ဤအုပ်စု အတွင်း၌ ပါဝင်သော ဘီယာ(ပြည်တွင်း)နှင့် ကွမ်းရွက်ဈေးနှုန်းများ သိသာစွာ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၂၇.၇၀ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၆၁% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီးဝတ်လုံချည်(ပြည်တွင်း)၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီ(အတို/အရှည်)၊ အမျိုးသမီးအင်္ကျီ၊ စက်ချုပ်ခ (အမျိုးသမီး)နှင့် ဖိနပ်(သားရေ/ ရော်ဘာ)ဈေးနှုန်း များ ဆက်လက်မြင့်တက်လာကြောင်း တွေ့ရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၉၇.၆၀ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၂.၀၈% မြင့်တက်လာပါသည်။ ဤအုပ်စု တွင် ပါဝင်သည့် အိမ်လခနှင့် အိမ်ဆောက်ပစ္စည်းများဖြစ်ကြသော ဝါး၊ သစ်မာ၊ သွပ်၊ သံမဏိချောင်း၊ ဘိလပ်မြေ၊ အုတ်၊ အိမ်ပြုပြင်ထိန်းသိမ်းစရိတ် (အလုပ် သမားခ)၊ ရေဖိုး၊ ထင်းနှင့် မီးသွေးဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဖြစ်ပါ သည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၃၀.၄၆ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၉၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည့် ကုတင်၊ ဘီဒို၊ မှန်တင်ခုံ၊ ဖျာ(သင်ဖျူး)၊ မျက်နှာသုတ်ပုဝါ၊ ရေခဲ သေတ္တာ၊ ဒန်သတ္တု၊ သောက်ရေသန့်ပုံး၊ ဓာတ်ခဲ၊ မီးချောင်း၊ အဝတ်လျှော်ဆပ်ပြာ၊

ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်၊ ဂတ်စ်မီးခြစ် နှင့် အိမ်အကူဈေးနှုန်းများ အနည်းငယ်ဆက်လက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၅၅.၃၈ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ဝ.၉၅% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆေးရုံစရိတ်၊ ဆေးဈေးနှုန်းများနှင့် ဆေးကုသခဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၁၅.၁၂ ရှိ၍ ယခင်လအခြေအနေ ၁၁၃.၁၃ နှင့် နှိုင်းယှဉ်ပါက ၁.၇၆% မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဓာတ်ဆီတစ်ဂါလန်လျှင် ၃၉၄၀.၇၅ ကျပ် မှ ၄၀၈၀.၁၄ ကျပ်သို့ လည်းကောင်း၊ ဒီဇယ်ဆီတစ်ဂါလန်လျှင် ၄၂၅၅.၅၆ ကျပ် မှ ၄၃၉၅.၈၇ ကျပ်သို့လည်းကောင်း ဈေးနှုန်းများ အသီးသီးမြင့်တက်လာသောကြောင့် ဖြစ်ပါသည်။ အလားတူ မော်တော်ကား၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်၊ ဘတ်စ်ကားခ၊ အငှားယာဉ်ခ(မြို့တွင်း)၊ ဖယ်ရီကားခ၊ ဆိုက်ကားခနှင့် ဘတ်စ်ကားခ (ခရီးဝေး) ဈေးနှုန်းများမှာလည်း မြင့်တက်လာပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၀၁.၄၀ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းလာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းလ်ဖုန်းဈေးနှုန်းများ အနည်းငယ် ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၂၂.၀၇ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ဝ.၃၈% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကွန်ပျူတာ၊ စီဒီ၊ ဓာတ်ပုံရိုက်ခ၊ သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ်နှင့် စာရေးစက္ကူဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၃၈.၅၈ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ဝ.၁၅% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်

ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများအနည်းငယ် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

(ဠ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၂၉.၄၂ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၅၉% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ ကြာဇံကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်/ ကော်ဖီ နှင့် လက်ဖက်နှစ်ပြန်ကြော်ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဋ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၄၇.၅၇ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၂၁% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဆံပင်ညှပ်ခ(အမျိုးသား/အမျိုးသမီး)၊ ကိုယ်တိုက်ဆပ်ပြာ၊ သနပ်ခါး၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ခေါင်းလျှော်ရည်၊ ခေါင်းလိမ်းဆီ၊ မျက်နှာလိမ်းပေါင်ဒါ၊ ကိုယ်လိမ်းပေါင်ဒါ၊ မိတ်ကပ်၊ ထီးနှင့် ကျောပိုးအိတ် ဈေးနှုန်းများမြင့်တက်လာသည့်အပြင် ရွှေ နှင့် လက်ဝတ်ရတနာဈေးနှုန်းတို့မှာ သိသာထင်ရှားစွာ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၄၁.၉၁ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၁၈% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

## ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ နှင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်

## စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၁။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၅၉.၈၅ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆနှုန်း ၁၄၅.၉၇ နှင့် နှိုင်းယှဉ်ပါက ၉.၅၁% မြင့်တက်လာပါသည်။ သယ်ယူပို့ဆောင်ရေးအုပ်စုနှင့်ဆက်သွယ်ရေးအုပ်စု ဈေးနှုန်းမှာအနည်းငယ်သာ ကျဆင်းလာသော်လည်း ကျန်အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

### အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

၂။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကိုအုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် –

(က) **အစားအစာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၇၂.၆၁ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ အခြေအနေ ၁၅၈.၆၉ နှင့် နှိုင်းယှဉ်ပါက ၈.၇၇% ဖြင့် သိသိသာသာ မြင့်တက်နေပါသည်။ စားအုန်းဆီ၊ ကုလားပဲခြမ်း၊ ကြက်သွန်နီ (ဥကြီး)၊ ဓာတ်ဆီနှင့်ဒီဇယ်ဆီဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းနေသော်လည်း၊ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ်အလားတူကာလကထက် ၁.၁၆% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁၆.၆၂%၊ နှမ်းဆီ ၉.၇၇%၊ ကြက်သား ၄.၅၀%၊ ဝက်သား ၀.၇၉%၊ အမဲသား ၂၃.၃၄%၊ ဘဲဥ ၁၀.၅၂%၊ ကြက်ဥ ၄.၂၉%၊ ငါးခူ ၁၆.၄၂%၊ ငါးရံ့ ၉.၄၆%၊ ငါးမြစ်ချင်း ၂၁.၈၇%၊ ပုစွန်ခြောက် ၉.၀၂%၊ ငါးရံ့ခြောက် ၁၀.၁၅% နှင့် ရေကျိုငါးပိ ၂.၂၃% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အာလူး ၈.၃၅%၊ ခရမ်းချဉ်သီး ၅၈.၄၃% နှင့် ကြက်သွန်ဖြူ ၅၅.၁၀% တို့ဖြင့် သိသာထင်ရှားစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၅၀.၉၈ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၈.၄၄% မြင့်တက်နေ

ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက်(ပြည်တွင်း/ပြည်ပ)၊ ဘီယာ(ပြည်တွင်း/ပြည်ပ)၊ ကွမ်းသီး(အခြမ်း)၊ စီးကရက်(ပြည်တွင်း/ပြည်ပ)၊ ဆေးပေါ့လိပ် နှင့် ဆေးပြင်းလိပ် စျေးနှုန်းများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ စျေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၂၇.၇၀ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါက ၄.၉၃% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော လုံချည် (အမျိုးသမီး/အမျိုးသား)၊ အမျိုးသမီးဝတ်အင်္ကျီ၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/ အမျိုးသမီး)၊ ဖိနပ် (သားရေ/ရော်ဘာ) စျေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ စျေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၉၇.၆၀ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါက ၃၁.၄၁% ဖြင့် သိသာစွာမြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေးစျေးနှုန်းများ၊ အိမ်ပြင်ခ၊ အလုပ်သမားခ၊ ဂတ်စ်ဓာတ်ငွေ့နှင့် ရေဖိုးစျေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အပြင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းကြောင့် ယခင်နှစ်ကထက် သိသာစွာမြင့်တက်လာပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ စျေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၃၀.၄၆ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၇.၇၉% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်(အလုပ်သမားခ)တို့မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ စျေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၅၅.၃၈ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါက ၈.၁၂% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကု

သခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၁၅.၁၂ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းလာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင်ပါဝင်သော ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၂.၆၈ ရှိရာမှ ယခုနှစ် စက်တင်ဘာလတွင် ၇၇.၁၅ သို့ လည်းကောင်း၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် တစ်ဂါလန်လျှင် ၄၈၆၈.၅၂ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၃၉၅.၈၇ ကျပ်သို့လည်းကောင်း အသီးသီးကျဆင်းလာပါသည်။ အလားတူ ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၇.၃၄ ရှိရာမှ ယခုနှစ် စက်တင်ဘာလတွင် ၆၉.၃၅ သို့လည်းကောင်း၊ ပြည်တွင်း ဓာတ်ဆီဈေးနှုန်းမှာလည်း ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် တစ်ဂါလန်လျှင် ၄၇၆၄.၁၁ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၀၈၀.၁၄ ကျပ်သို့လည်းကောင်း အသီးသီး ကျဆင်းလာခဲ့ပါသည်။ သို့ရာတွင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ(ခရီးဝေး) (ပြည်တွင်း)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၀၁.၄၀ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၀.၇၃% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များဝင်ရောက်မှုများလာပြီး Model အဟောင်းများ ဈေးကွက်တွင် နည်းပါးလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၂၂.၀၇ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၁၂.၀၆% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော  စီဒီတိပ်ခွေ၊ ဓာတ်ပုံရိုက်ခ၊ သတင်းစာ၊

ဂျာနယ်၊ ဗလာစာအုပ်၊ ဘောလ်ပင်နှင့် ကွန်ပါဗူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၃၈.၅၈ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါက ၄.၀၈% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၂၉.၄၂ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါက ၄.၇၄% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ လက်ဖက်အစိုနှင့် နှစ်ပြန်ကြော်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၄၇.၅၇ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါက ၁၁.၆၀% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်း အများစုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာတွင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၂၁.၇၉%၊ လက်ဝတ်ရတနာ ၃၀.၇၂%၊ သနပ်ခါး ၆.၀၃%၊ မိတ်ကပ် ၇.၀၃% နှင့် သွားတိုက်ဆေး ၁၂.၂၉% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၌ ၁၄၁.၉၁ ရှိ၍ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါက ၁၀.၈၀% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် ဆက်သွယ်ရေးအုပ်စုကျဆင်းလာသည်မှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နန်းကို လေ့လာပါက ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ၁၄၇.၇၀ ရှိရာမှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ၁၄၈.၉၅ သို့ မြင့်တက်လာခဲ့ပါသည်။ သို့သော် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများ သိသာစွာကျဆင်းလာခြင်းကြောင့် စားသုံးသူဈေးဆန္နန်းမှာ အနည်းငယ်ပြန်လည်ကျဆင်းလာပါသည်။ တစ်ဖန် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစ၍ စားသုံးသူဈေးဆန္နန်း တဖြည်းဖြည်းပြန်လည်မြင့်တက်လာခဲ့ရာ စက်တင်ဘာလအထိ ဆက်လက် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။


၂။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္နန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး (၃)မြို့တို့တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ကျဆင်းနေပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှာမူ သိသာစွာမြင့်တက်ခဲ့ခြင်းမရှိပါ။ သို့သော် ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်များအားလုံးတို့တွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ လအလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁.၀၄% ဖြင့် အများဆုံး ပြောင်းလဲမှု ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ၈.၈၅% ရှိခဲ့ရာမှ ပွင့်လင်းရာသီဖြစ်သော နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် ရာသီဥတုအခြေအနေ ပြန်လည်ကောင်းမွန်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းတို့ကြောင့် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၌ ၆.၁၄% သို့ လျော့နည်းလာပါ

သည်။ သို့သော် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၆.၆၉% သို့ ပြန်လည် မြင့်တက်လာရာမှ ၂၀၁၉ ခုနှစ်၊ မေလတွင် ၉.၅၇% အထိ ဆက်လက် မြင့်တက်ခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ၉.၅၁% ဖြင့် အနည်းငယ် ပြန်လည်ကျဆင်းလာပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ၁၀.၈၇% သို့ မြင့်တက်လာခဲ့ပါသည်။ သို့သော် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင်မှ ယခင်နှစ်အလား တူကာလကထက် ကုန်စည်ဈေးနှုန်းများ တက်နှုန်းနည်းပါးလာသောကြောင့် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀.၃၇% သို့ အနည်းငယ် ပြန်လည်လျော့နည်းလာခဲ့ရာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင်လည်း ၉.၅၁% သို့ ဆက်လက်လျော့နည်းလာပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံ တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအထိ တစ်နှစ် ပျမ်းမျှ ၈.၆၁% ရှိ၍ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအထိ တစ်နှစ်ပျမ်းမျှ ၈.၅၃% နှင့် နှိုင်းယှဉ်ပါက ရာခိုင် နှုန်းအနည်းငယ်သာပိုမိုလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကိုလေ့လာပါက ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ၆.၃၄% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ၈.၆၁%ဖြင့် အမြင့်ဆုံးဖြစ်ပေါ် ခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းကို ဇယား (၂) ဖြင့် တင်ပြထားပါသည်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၂.၆၂% ဖြင့် အမြင့်ဆုံး၊

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၁.၂၆% ဖြင့် ဒုတိယအမြင့်ဆုံး၊ မန္တလေးမြို့တွင် ၁၀.၁၄% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၄.၆၆% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး ကချင်ပြည်နယ်တွင် ၂.၄၉% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်းအနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## သုံးသပ်တင်ပြချက်

၆။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှုအခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက မြင့်တက်လျက်ရှိပြီး၊ ယခင်လနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ဈေးကွက်အတွင်း ဆန်ဟောင်းများ ကုန်ဆုံးချိန်ဖြစ်၍ ဆန်သစ်ပေါ်ချိန်ဖြစ်သောကြောင့် ဆန်ဟောင်းဈေးနှုန်း မြင့်တက်နေပြီး ဆန်သစ်ဈေးနှုန်းများကျဆင်းလျက်ရှိပါသည်။ ထို့အပြင် စပါးဈေးနှုန်းများ ကျဆင်းလာသောကြောင့် လည်းကောင်း၊ ပြည်ပ တင်ပို့မှုလျော့ကျခြင်းနှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံခြင်းတို့ကြောင့် ဆန်ဈေးနှုန်းမှာ အနည်းငယ်သာ ကျဆင်းလျက် ရှိသည်ကို တွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ ဈေးနှုန်းများမှာ ကုန်ကြမ်းများဖြစ်ကြသော မြေပဲဆံများကို တရုတ်မှ ဝယ်လိုအားရှိခြင်းနှင့် အထွက်နည်းခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာပါသည်။ သို့သော် ပြည်ပစားအုန်းဆီတင်သွင်းသည့်ဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၀.၉၈ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၅၂၄.၈၉ သို့ မြင့်တက်လာခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်လာခြင်းတို့ကြောင့် ပြည်တွင်း စားအုန်းဆီ ဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်လာပါသည်။

(ဂ) အသား၊ ငါး နှင့် ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများမှာ ကြက်သားနှင့် ဝက်သားဈေးနှုန်းများကျဆင်းလာသော်လည်း ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ် ဝယ်ယူမှု

များရှိနေခြင်းကြောင့် အမဲသားနှင့် ဆိတ်သားစျေးနှုန်းများ ယခင်လကထက် မြင့်မားနေပါသည်။ အသားတိုးကြက်မွေးမြူသူ များပြားလာသောကြောင့် ကြက်သားစျေးနှုန်းများ ကျဆင်းလာပါသည်။ ထို့အပြင် ဝက်အပြင်းဖျားရောဂါ ဖြစ်ပွားသဖြင့် စားသုံးသူလျော့နည်းလာပြီး ဝက်သားစျေးနှုန်းများ ကျဆင်းလာ ပါသည်။ ရာသီဥတုပူပြင်းသဖြင့် ငါးဖမ်းဆီး ရရှိမှုများပြားလာသောကြောင့် ငါးစျေးနှုန်းများ ကျဆင်းလာပါသည်။ အလားတူ ဥအထွက်နှုန်းများလာသော ကြောင့် ဘဲဥ နှင့် ကြက်ဥစျေးနှုန်းများလည်း ယခင်လထက် အနည်းငယ် ကျဆင်း လာသည်ကို တွေ့ရှိရပါသည်။

(ဃ) သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှု လျော့နည်းလာသောကြောင့် ဟင်းသီးဟင်းရွက် နှင့် အသီးအနှံစျေးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(င) မိုးရာသီဖြစ်ခြင်းကြောင့် အစိုပြန်မှုများ ရှိသဖြင့် သိုလှောင်ရန်အခက်အခဲ ရှိသော ကြောင့် ကြက်သွန်နီစျေးနှုန်းများ မြင့်တက်လာပါသည်။ အလားတူ စားဖိုဆောင် သီးနှံဖြစ်သော ကြက်သွန်ဖြူစျေးနှုန်းမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ရှိသောကြောင့် စျေးကွက်အတွင်းဝင်ရောက်မှုနည်းပါးလာပြီး စျေးနှုန်းများ မြင့် တက်လျက်ရှိပါသည်။ သို့သော် ပဲမျိုးစုံစျေးကွက်တွင် ပဲစျေးနှုန်းများလည်း ပြန် လည်ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေစျေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၁၅၉၇၅၈.၄၁ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၂.၀၀% မြင့်တက်လာခဲ့ပါ သည်။ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၂၁.၇၉% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ ရွှေစျေးနှုန်းမှာ ယခင်လတွင် တစ်ထရိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၉၉ ရှိရာမှ ၁၅၀၁ သို့ မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့ရွှေစျေးနှုန်း မြင့်တက်လာသော ကြောင့် မြန်မာ့ရွှေစျေးနှုန်းမှာလည်း သိသိသာသာလိုက်ပါ မြင့်တက်လျက်ရှိ ပါသည်။

(ဆ) လျှပ်စစ်ဓာတ်အားခဈေးနှုန်းများကို ၂၀၁၉ ခုနှစ် ဇူလိုင်လမှစတင်၍ ပြောင်းလဲတိုးမြှင့် ကောက်ခံသည့်အတွက် ၎င်းနှင့်ဆက်စပ်လျက်ရှိသော ကုန်ပစ္စည်းအုပ်စုဈေးနှုန်းများ သိသိသာသာမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(ဇ) ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၃.၉၁ မှ ၇၇.၁၅ သို့ လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၆.၂၆ မှ ၆၉.၃၅ သို့ လည်းကောင်း အသီးသီးမြင့်တက်လာပါသည်။ ပြည်ပမှ တင်သွင်းသည့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာသည့်အတွက် ပြည်တွင်းလောင်စာဆီ ဈေးနှုန်းများလည်း ပြန်လည်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ကျဆင်းလာသော်လည်း ယခင်လနှင့်နှိုင်းယှဉ်လျှင် မြင့်တက်နေသည်ကိုတွေ့ရှိရပါသည်။

၈။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ပြည်ပမှတင်သွင်းသော လောင်စာဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများ မြင့်တက်လာပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းများမှာ ယခင်လကထက် မြင့်တက်လာခြင်းနှင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများနှင့် ရွှေဈေးနှုန်းများ သိသိသာသာမြင့်တက်လာခြင်း စသည့်အကြောင်းရင်းများကြောင့် စားသုံးသူဈေးဆနှုန်းမြင့်တက်ခဲ့ပြီး ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းလည်း မြင့်တက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၉ခုနှစ် စက်တင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | စက်တင်ဘာလ | ဩဂုတ်လ | စက်တင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | ၁၀၀.၀၀ | ၁၄၅.၉၇ | ၁၅၉.၁၂ | ၁၅၉.၈၅ | ၀.၄၆ | ၉.၅၁ | ၈.၆၁ |
| ၀၁ | **အစားအစာအုပ်စု** | ၅၈.၄၆ | ၁၅၈.၆၉ | ၁၇၂.၅၃ | ၁၇၂.၆၁ | ၀.၀၅ | ၈.၇၇ | ၉.၁၇ |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၃၉.၂၂ | ၁၅၃.၁၀ | ၁၅၀.၉၈ | -၁.၃၉ | ၈.၄၄ | ၀.၄၂ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၁.၇၁ | ၁၂၆.၉၃ | ၁၂၇.၇၀ | ၀.၆၁ | ၄.၉၃ | ၄.၈၇ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၅၀.၃၇ | ၁၉၃.၅၇ | ၁၉၇.၆၀ | ၂.၀၈ | ၃၁.၄၁ | ၁၂.၈၆ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၂၁.၀၂ | ၁၂၉.၂၄ | ၁၃၀.၄၆ | ၀.၉၄ | ၇.၇၉ | ၇.၅၅ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၄၃.၇၁ | ၁၅၃.၉၂ | ၁၅၅.၃၈ | ၀.၉၅ | ၈.၁၂ | ၈.၁၆ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၁၅.၁၉ | ၁၁၃.၁၃ | ၁၁၅.၁၂ | ၁.၇၆ | -၀.၀၆ | ၆.၈၆ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၂.၁၅ | ၁၀၁.၄၃ | ၁၀၁.၄၀ | -၀.၀၃ | -၀.၇၃ | -၀.၈၀ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၀၈.၉၃ | ၁၂၁.၆၀ | ၁၂၂.၀၇ | ၀.၃၈ | ၁၂.၀၆ | ၇.၉၉ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၃.၁၅ | ၁၃၈.၃၇ | ၁၃၈.၅၈ | ၀.၁၅ | ၄.၀၈ | ၇.၀၉ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၂၃.၅၆ | ၁၂၈.၆၆ | ၁၂၉.၄၂ | ၀.၅၉ | ၄.၇၄ | ၅.၃၂ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၃၂.၂၄ | ၁၄၅.၈၁ | ၁၄၇.၅၇ | ၁.၂၁ | ၁၁.၆၀ | ၉.၈၉ |
| | **အစားအစာမဟုတ်သောအုပ်စု** | ၄၁.၅၄ | ၁၂၈.၀၇ | ၁၄၀.၂၅ | ၁၄၁.၉၁ | ၁.၁၈ | ၁၀.၈၀ | ၇.၆၅ |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | ၃၄.၂၉ | ၁၁၂.၄၈ | ၁၃၈.၂၆ | ၁၃၉.၁၂ | ၀.၆၂ | *၁၃.၅၈ | *၈.၃၀ |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

# ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၈ ခုနှစ် | ၂၀၁၉ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၉ ခုနှစ် စက်တင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | စက်တင်ဘာလ | ဩဂုတ်လ | စက်တင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၅၀.၉၃ | ၁၅၃.၁၂ | ၁၅၄.၇၀ | ၁.၀၃ | ၂.၄၉ | ၄.၅၉ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၆.၈၉ | ၁၅၈.၇၇ | ၁၅၉.၅၄ | ၀.၄၈ | ၈.၆၁ | ၆.၂၉ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၃၆.၄၆ | ၁၄၄.၀၈ | ၁၄၄.၇၆ | ၀.၄၈ | ၆.၀၉ | ၈.၁၄ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၂၀၀.၁၁ | ၂၀၈.၆၆ | ၂၀၈.၇၃ | ၀.၀၃ | ၄.၃၁ | ၉.၄၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၄၀.၈၂ | ၁၅၉.၆၇ | ၁၅၉.၇၃ | ၀.၀၄ | ၁၃.၄၂ | ၁၁.၂၆ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၃၂.၀၈ | ၁၃၉.၃၄ | ၁၃၉.၇၉ | ၀.၃၃ | ၅.၈၄ | ၈.၁၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၄၂.၀၆ | ၁၅၄.၃၁ | ၁၅၅.၈၃ | ၀.၉၉ | ၉.၆၉ | ၈.၀၆ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၅၀.၆၃ | ၁၆၇.၈၈ | ၁၆၉.၃၅ | ၀.၈၇ | ၁၂.၄၃ | ၁၂.၆၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၃၈.၃၁ | ၁၅၂.၇၇ | ၁၅၄.၀၄ | ၀.၈၃ | ၁၁.၃၇ | ၈.၂၆ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၄၄.၀၁ | ၁၅၄.၄၇ | ၁၅၃.၄၀ | -၀.၆၉ | ၆.၅၂ | ၉.၁၂ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၈၇.၁၇ | ၁၉၆.၀၈ | ၁၉၄.၉၃ | -၀.၅၉ | ၄.၁၅ | ၇.၃၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၃၇.၇၁ | ၁၄၇.၈၈ | ၁၄၈.၆၃ | ၀.၅၁ | ၇.၉၃ | ၆.၁၄ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၅၅.၇၄ | ၁၆၅.၆၁ | ၁၆၆.၄၈ | ၀.၅၂ | ၆.၈၉ | ၇.၃၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၄၄.၅၅ | ၁၆၄.၀၃ | ၁၆၅.၇၃ | ၁.၀၄ | ၁၄.၆၆ | ၈.၅၂ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၃၂.၆၉ | ၁၄၃.၈၅ | ၁၄၄.၀၂ | ၀.၁၂ | ၈.၅၄ | ၆.၄၈ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၄၇.၁၀ | ၁၅၈.၅၆ | ၁၅၈.၇၃ | ၀.၁၁ | ၇.၉၁ | ၈.၅၂ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၄၀.၃၄ | ၁၅၇.၆၁ | ၁၅၉.၁၄ | ၀.၉၇ | ၁၃.၃၉ | ၁၀.၁၄ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၃၄.၂၄ | ၁၅၂.၀၁ | ၁၅၂.၁၀ | ၀.၀၆ | ၁၃.၃၁ | ၉.၄၇ |
| တစ်နိုင်ငံလုံး | | ၁၀၀.၀၀ | ၁၄၅.၉၇ | ၁၅၉.၁၂ | ၁၅၉.၈၅ | ၀.၄၆ | ၉.၅၁ | ၈.၆၁ |


## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၉ ခုနှစ် ဩဂုတ်လ (ကျပ်) | ၂၀၁၉ ခုနှစ် စက်တင်ဘာလ (ကျပ်) | ၂၀၁၈ ခုနှစ် စက်တင်ဘာလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၅၁၁.၀၃ | ၁၅၀၉.၇၄ | ၁၄၉၂.၃၉ | -၀.၀၉ | ၁.၁၆ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၇၆၅.၀၄ | ၆၉၂၁.၂၀ | ၅၉၃၄.၇၈ | ၂.၃၁ | ၁၆.၆၂ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၆၈၆.၅၆ | ၆၇၂၀.၉၄ | ၆၁၂၂.၈၄ | ၀.၅၁ | ၉.၇၇ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၀၂၅.၇၀ | ၂၀၂၈.၀၆ | ၂၁၄၈.၅၂ | ၀.၁၂ | -၅.၆၁ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၅၄၆.၃၉ | ၇၂၇၉.၀၉ | ၆၉၆၅.၄၀ | -၃.၅၄ | ၄.၅၀ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၄၈၄.၈၀ | ၉၄၆၉.၉၃ | ၉၃၉၅.၉၅ | -၀.၁၆ | ၀.၇၉ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၃၉၁၆.၇၄ | ၁၃၉၇၇.၂၁ | ၁၁၃၃၂.၅၆ | ၀.၄၃ | ၂၃.၃၄ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၉၃၄.၇၀ | ၁၉၂၉.၀၉ | ၁၇၄၅.၄၇ | -၀.၂၉ | ၁၀.၅၂ |
| ၉ | ကြက်ဥ | ။ | ။ | ၁၄၇၀.၃၂ | ၁၄၃၂.၉၂ | ၁၃၇၃.၉၆ | -၂.၅၄ | ၄.၂၉ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၉၈၆၃.၈၉ | ၉၅၈၅.၅၆ | ၈၂၃၃.၃၃ | -၂.၈၂ | ၁၆.၄၂ |
| ၁၁ | ငါးရံ့ | ။ | ။ | ၉၃၃၃.၆၈ | ၉၁၃၉.၃၈ | ၈၃၄၉.၂၂ | -၂.၀၈ | ၉.၄၆ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၅၄၁၂.၉၅ | ၅၄၃၃.၄၈ | ၄၄၅၈.၄၈ | ၀.၃၈ | ၂၁.၈၇ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၃၃၇၈.၇၂ | ၃၃၈၃၄.၀၄ | ၃၁၀၃၄.၀၄ | ၁.၃၆ | ၉.၀၂ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၂၁၇၁.၅၇ | ၃၂၄၁၁.၇၆ | ၂၉၄၂၅.၀၀ | ၀.၇၅ | ၁၀.၁၅ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၃၅၄.၄၂ | ၃၃၈၂.၇၄ | ၃၃၀၈.၈၅ | ၀.၈၄ | ၂.၂၃ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၄၀၅.၆၇ | ၁၄၅၈.၁၉ | ၉၂၀.၃၈ | ၃.၇၄ | ၅၈.၄၃ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၈၆.၀၁ | ၂၃၉၃.၃၆ | ၂၄၉၄.၂၄ | ၀.၃၁ | -၄.၀၄ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၂၁၃.၆၅ | ၁၂၁၁.၀၄ | ၁၁၁၇.၆၇ | -၀.၂၂ | ၈.၃၅ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၅၅၁.၈၈ | ၃၆၁၅.၂၃ | ၂၃၃၀.၈၃ | ၁.၇၈ | ၅၅.၁၀ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၁၆၆.၈၀ | ၁၁၉၂.၈၀ | ၁၄၂၂.၄၀ | ၂.၂၃ | -၁၆.၁၄ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၃၈၈.၃၀ | ၅၄၁၂.၀၆ | ၄၈၇၃.၇၆ | ၀.၄၄ | ၁၁.၀၄ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၄၁၈.၉၄ | ၅၄၂၂.၉၂ | ၅၁၆၄.၉၀ | ၀.၀၇ | ၅.၀၀ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၁၃၇၀၄၉.၁၂ | ၁၁၅၉၇၅၈.၄၁ | ၉၅၂၂၄၅.၅၈ | ၂.၀၀ | ၂၁.၇၉ |
| ၂၄ | ထင်း | | ပိဿာ | ၃၄၈.၉၉ | ၃၆၄.၃၂ | ၃၂၃.၈၇ | ၄.၃၉ | ၁၂.၄၉ |
| ၂၅ | မီးသွေး | | ။ | ၆၇၈.၆၀ | ၆၈၇.၇၇ | ၆၄၉.၇၈ | ၁.၃၅ | ၅.၈၅ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၄၁.၂၃ | ၄၄၉.၇၈ | ၄၁၇.၇၆ | ၁.၉၄ | ၇.၆၆ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၁၀၅.၈၅ | ၁၁၀၈.၇၇ | ၁၀၅၂.၆၃ | ၀.၂၆ | ၅.၃၃ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၄၂၅၅.၅၆ | ၄၃၉၅.၈၇ | ၄၈၆၈.၅၂ | ၃.၃၀ | -၉.၇၁ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၃၉၄၀.၇၅ | ၄၀၈၀.၁၄ | ၄၇၆၄.၁၁ | ၃.၅၄ | -၁၄.၃၆ |


၁၇

## ဧယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | | ၂၀၁၉ ခုနှစ် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ |
| စားသုံးသူဈေးဆန္ဒန်း (CPI) | ၁၄၅.၉၇ | ၁၄၇.၇၀ | ၁၄၈.၉၅ | ၁၄၇.၇၅ | ၁၄၇.၈၉ | ၁၄၈.၈၅ | ၁၅၀.၁၃ | ၁၅၂.၀၃ | ၁၅၃.၆၆ | ၁၅၄.၅၆ | ၁၅၈.၄၄ | ၁၅၉.၁၂ | ၁၅၉.၈၅ |
| စားသုံးသူဈေးဆန္ဒန်း (Core CPI) | ၁၂၂.၄၈ | ၁၂၃.၄၀ | ၁၂၃.၉၆ | ၁၂၄.၆၉ | ၁၂၅.၁၉ | ၁၂၅.၈၅ | ၁၂၆.၁၇ | ၁၂၆.၅၈ | ၁၂၇.၃၁ | ၁၂၇.၈၁ | ၁၃၇.၅၆ | ၁၃၈.၂၅ | ၁၃၉.၁၂ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၈ ခုနှစ် | | | | ၂၀၁၉ ခုနှစ် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၈.၅၉ | ၈.၈၅ | ၈.၃၃ | ၆.၈၅ | ၆.၁၄ | ၆.၆၉ | ၇.၉၂ | ၈.၇၃ | ၉.၅၇ | ၉.၅၁ | ၁၀.၈၇ | ၁၀.၃၇ | ၉.၅၁ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၅.၇၆ | ၆.၅၉ | ၆.၄၇ | ၆.၇၉ | ၆.၃၉ | ၆.၃၃ | ၆.၁၈ | ၆.၃၀ | ၆.၅၈ | ၆.၃၄ | ၁၄.၁၄ | ၁၃.၈၇ | ၁၃.၅၈ |